# ဗစ်တိုးရီးယားပြည်နယ် ရေလမ်းကြောင်းများရှိ စိမ်း-ပြာရောင် ရေမှော်ပင်- သင့် ကျန်းမာရေးကို အကာအကွယ်ပေးနေခြင်းဖြစ်သည်

## စိမ်း-ပြာရောင် ရေမှော်ပင် ဆိုသည်မှာ ဘာလဲ။

စိမ်း-ပြာရောင် ရေမှော်ပင် (cyanobacteria) သည် ဗက်တီးရီးယားဆိုင်ရာ ဇီဝသက်ရှိများဖြစ်ပြီး ၄င်းတို့သည် တစ်ခုတည်းအားဖြင့်၄င်း သို့မဟုတ် တစ်စုတစ်ဝေးတည်းအားဖြင့်၄င်း ရှိနေနိုင်ပြီး ချောင်းမြောင်းများ၊ မြစ်များ၊ ရေကန်များနှင့် စွပ်စိုသောစိမ့်မြေများ တို့အပါအဝင်ဖြစ်သည့် ရေနှင့်သက်ဆိုင်သည့် အပင်နှင့်သတ္တဝါပတ်ဝန်းကျင် အများစု၌ တည်ရှိနေကြပါသည်။ အချို့ သဘာဝပတ်ဝန်းကျင် အနေအထားအရ၊ အရေအတွက်များမှာ အလျင်အမြန် တိုးပွား လာနိုင်ပြီး ဖူးပွင့်များ (သို့မဟုတ် ရေမှော်မြှုပ်များ) မှာ ရေမျက်နှာပြင် တစ်လျောက်၌ အလွယ်တကူ မြင်သာလာနိုင်ပါသည်။ ဖူးပွင့်များမှာ အစိမ်းရင့်ရောင်မှ အဝါရောင်သန်းသည့် အညိုရောင်အထိ အရောင် အမျိုးမျိုး ရှိသည်။ ဤဖူးပွင့်များမှာ ဖြစ်ရပ်အသစ် တစ်ခု မဟုတ်ပါ၊ ကမ္ဘာတစ်ဝန်း၌ ရာစုနှစ်များအတွင်း ဖြစ်ပွားခဲ့ကြောင်း သိရှိကြပါသည်။ အချို့ စိမ်း-ပြာရောင် ရေမှော်ပင် မျိုးနွယ်စုများသည် အဆိပ်အတောက်ကို ထုတ်ပေးပြီး ၄င်းတို့သည် လူသားများနှင့် တိရစ္ဆာန်များအား ထိခိုက်စေနိုင်သည်။

## ကျွန်ုပ်သည် စိမ်း-ပြာရောင် ရေမှော်ပင် အဆိပ်အတောက်ကို မည်ကဲ့သို့ ထိတွေ့နိုင်သနည်း။

စိမ်း-ပြာရောင် ရေမှော်ပင် အဆိပ်အတောက် ထိတွေ့ခြင်းကို အောက်ပါတို့မှ တစ်ဆင့် ဖြစ်နိုင်သည်-

- နား၊ မျက်စိ၊ ပါးစပ်၊ နှာခေါင်းနှင့် လည်ချောင်းကဲ့သို့ ထိခိုက်လွယ်သည့် နေရာများအပါအဝင် လှစ်ပေါ်နေသည့် ခန္ဓာကိုယ် အစိတ်အပိုင်းများနှင့် တိုက်ရိုက် ထိတွေ့မှု
- အဆိပ်ရောပါနေသည့် ညစ်ညမ်းရေကို အမှတ်မထင် မျိုချမိခြင်း
- ရေအစက်အပျောက်များ နှင့် ရေခိုးရေငွေ့များကို ရှူသွင်းမိခြင်း၊ နှင့်
- အဆိပ်ရောပါနေသည့် ပင်လယ်အစားအစာကို စားမိခြင်း တို့ဖြစ်ပါသည်။

ရေမှော်ပင် ရောပါနေသည့် ညစ်ညမ်းရေနှင့် ထိတွေ့မှုကို ရှောင်ကြဉ်ပါ၊ အထူးသဖြင့် မြင်သာနေသည့် ရေမှော်မြှုပ်များ သို့မဟုတ် အရောင်လွှင့်နေသည့်ရေ ရှိသည့်နေရာများ၌ ဖြစ်သည်။ အပန်းဖြေဆိုင်ရာ အသုံးပြုသူများအတွက် အကြီးမားဆုံး အန္တရာယ်မှာ ရေမှော်မြှုပ်များ ပြည့်နက်နေသည့် ရေမျက်နှာပြင် ကြောင့်ဖြစ်သည်။ ၄င်းတို့မှာ ကမ်းစပ်တစ်လျောက်၌ စိမ်း-ပြာရောင် ရေမှော်ပင်များ ပြည့်နက်ပွားများလာမှုများဖြစ်ပြီး၊ အပန်းဖြေဆိုင်ရာ ရေအသုံးပြုသူများ၊ ကလေးများနှင့် ခွေးများသည် ၄င်းတို့ရေထဲဆင်းသည့်အခါ ထိတွေ့လာရန် အလားအလာရှိပါသည်။

ရေမှော်သက်ရောက်လျက်နေသည့် နေရာများရှိ မည်သည့် အချက်အလက်ဆိုင်းဘုတ်များကိုမဆို လိုက်နာပြီး ရေနှင့်အထိအတွေ့ကို ရှောင်ရှားပါ၊ အန္တရာယ် မရှိတော့ကြောင်း အာဏာပိုင်များက ကြေညာပေးသည့်အချိန်အထိ ရှောင်ရှားပါ။ အကယ်၍ သင်သည် သင့်ဒေသတွင်း ရေလမ်းကြောင်းမှာ စိမ်း-ပြာရောင် ရေမှော်ပင်များ ရောက်ရှိနေနိုင်သည်ဟု သံသယဖြစ်လျှင် ကျေးဇူးပြု၍ ထပ်ဆင့် အကြံဉာဏ်အတွက် ရေလမ်းကြောင်း မန်နေဂျာကို ဆက်သွယ်ပါ သို့မဟုတ် အရေးပေါ် မတော်တဆ ဖြစ်ရပ်နှင့် သတိပေးချက်များ [Vic Emergency Incident and Warnings] ဝက်ဘ်ဆိုက် http://emergency.vic.gov.au/respond/ တွင်စိစစ်ပါ။

ရေနှင့်ထိတွေ့ပြီးနောက် ကျန်းမာရေး ထိခိုက်မှု တစ်ခုခုကို စိုးရိမ်နေသည့် လူများသည် ဆေးဖက်ဆိုင်ရာ အကြံဉာဏ်ကို ရယူသင့်သည်။

## စိမ်း-ပြာရောင် ရေမှော်ပင်များကြောင့် ကျန်းမာရေး ထိခိုက်မှုများမှာ အဘယ်နည်း။

ရေလမ်းကြောင်းများအား ပုံမှန် စောင့်ကြပ်ကြည့်ရှုခြင်းသည် မှော်ပင်မှော်မြှုပ်များ တစ်ခုခုကို ဖော်ထုတ်ပေးပြီး အကယ်၍ အတိုင်းအဆမှာ ထူထပ်နေလျှင် အများပြည်သူ သတိပေးချက်ကို ထုတ်ပြန်ပါသည်။ စိမ်း-ပြာရောင် ရေမှော်ပင်များ ထူထူထပ်ထပ်ဖြစ်နေသည့် ရေသည် လူသားများနှင့် တိရစ္ဆာန်များအား ကျန်းမာရေး ထိခိုက်မှုများ ရှိကောင်းရှိနိုင်ပါသည်။

အချို့ စိမ်း-ပြာရောင် ရေမှော်ပင် မျိုးနွယ်စုများသည် အဆိပ်အတောက်ကို ထုတ်ပေးပြီး ၄င်းသည် လူသားများနှင့်တိရစ္ဆာန်များအား ၄င်းတို့ကို မျိုချ၊ ရှူသွင်း သို့မဟုတ် အရေပြားနှင့်တိုက်ရိုက် ထိတွေ့လာသည့်အခါ ထိခိုက်စေပါသည်။ အရေပြားနှင့် ထိတွေ့မှုသည် အရေပြားနှင့်မျက်စိကို စပ်ဖျဉ်းဖျဉ်း၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ထိခိုက်မှု အနည်းအကျဉ်းနှင့် နာချေရောဂါ လက္ခဏာများ ဖြစ်ပွားကောင်း ဖြစ်ပွားနိုင်ပါသည်။ အဆိပ်အတောက်ပါရှိသည့် ညစ်ညမ်းရေကို သောက်သုံးခြင်းသည် အော့အန်ခြင်း၊ ဝမ်းလျှောခြင်း၊ ကိုယ်ပူအဖျားတက်ခြင်းနှင့် ခေါင်းကိုက်ခြင်း ကဲ့သို့သော အစာအိမ်လမ်းကြောင်းဆိုင်ရာ လက္ခဏာများကို ဖြစ်ပွားကောင်း ဖြစ်ပွားစေပါသည်။ စိမ်း-ပြာရောင် ရေမှော်ပင်မှ ထုတ်လိုက်သည့် အဆိပ်အတောက်များသည် အသည်း သို့မဟုတ်

အာရုံကြောစနစ်ကိုလည်း ထိခိုက်ကောင်း ထိခိုက်နိုင်သည်။ အကယ်၍ သင်သည် သင့်ကျန်းမာရေးအား စိုးရိမ်ပူပန်လျှင် ဆေးဖက်ဆိုင်ရာ အကြံဉာဏ်ကို ရယူပါ။

အိမ်မွေးတိရစ္ဆာန်များနှင့် ကျွဲနွားများသည် အထိအတွေ့ရှိပြီးနောက် နာမကျန်း ဖြစ်လာကောင်း ဖြစ်လာနိုင်သည်။ သင့် တိရစ္ဆာန်များ နာမကျန်း ဖြစ်နေသည်ဟု သင် သံသယဖြစ်ပါက၊ တိရစ္ဆာန်ဆရာဝန်ထံမှ အကြံဉာဏ် တောင်းခံပါ။

## ကလေးများသည် လူကြီးများထက် စိမ်း-ပြာရောင် ရေမှော်ပင်အပေါ် ပိုမို၍ ထိခိုက်လွယ်ပါသလား။

ကလေးများသည် ၎င်းတို့၏ ကိုယ်ခန္ဓာ အလေးချိန် နိမ့်ကျမှုကြောင့် အဆိပ်အတောက်၏ အာနိသင်အပေါ် ပိုမို၍ ထိခိုက်လွယ်ပါသည်။ သူတို့သည် လူကြီးများထက် ပိုမိုနနယ်သည့် အရေပြား ရှိတတ်စေပြီး အရေပြား အဖုများဖြစ်လာမှုကို ပိုမို၍ ဖြစ်နိုင်ခြေရှိသည်။ ကလေးများသည် ရေကိုမျိုချစေမည့် သို့မဟုတ် ရှူသွင်းစေမည့် ကစားလှုပ်ရှားမှုများ၌လည်း ကစားရန် ပိုမို၍အလားအလာရှိသည်။ ကလေးများအား မည်သည့်ရေတွင်မဆို ရေကူးသည့်အခါ အမြဲတမ်း ကြီးကြပ်ပေးသင့်ပါသည်။

## အကယ်၍ ကျွန်ုပ်သည် အဆိပ်အတောက်ဖြင့်ညစ်ညမ်းနေသည့်ရေနှင့် အထိအတွေ့ရှိလျှင် ကျွန်ုပ် ဘာလုပ်သင့်ပါသလဲ။

အကယ်၍ အထိအတွေ့ရှိလျှင် ထိတွေ့သွားသည့် အဝတ်အစားကို ချွတ်လိုက်ပြီး ကမ်းစပ်သို့ရောက်ရှိလာပြီးနောက် ရေသန့်ဖြင့် သင်ကိုယ်တိုင် လုံးလုံးလျားလျား ရေချိုးလိုက်ပါ။ စိုနေသောဝတ်စုံများကို မှော်ပင် အစအနများအား ဖယ်ရှားစေရန် နောက်တစ်ကြိမ် မဝတ်ဆင်မီ စေ့စေ့စပ်စပ် ရေတွင်စိမ်၍ ဆေးကြောသင့်သည်။

## ကျွန်ုပ် ရေကူးပြီး အခြား ရေကစားနည်းများကို လုပ်နိုင်ပါသလား။

ရေကူးခြင်းနှင့် ညစ်ညမ်းသည့် ရေနှင့်တိုက်ရိုက်ထိတွေ့မည့် ရေလွှာလျှောစီး၊ လေထိုးထားသည့်ဘော နှင့် 'ဒိုးနပ်များ' အပါအဝင်ဖြစ်သော မည်သည့် ရေကစားနည်းကိုမဆို သို့မဟုတ် လှုပ်ရှားမှုကိုမဆို လုပ်ရန်မတိုက်တွန်းပါ။

## စိမ်း-ပြာရောင် ရေမှော်ပင်နှင့် ညစ်ညမ်းနေသည့်ရေတွင် ကျွန်ုပ်၏ ခွေး ရေကူးနိုင်ပါသလား။

ခွေးများသည် အချို့ စိမ်း-ပြာရောင် ရေမှော်ပင် အမျိုးအစားနှင့် ထိတွေ့ရာမှ အဆိပ်သင့်နိုင်သည် သို့မဟုတ် သေဆုံးနိုင်သည်။ ရေမှော်ပင်ဖြင့် ညစ်ညမ်းနေသည့်နေရာများတွင် သင့်ခွေးကို ရေကူးရန် သို့မဟုတ် ရေသောက်ရန် ခွင့်မပြုပါနှင့်။ အကယ်၍ သူတို့ ရေနှင့်အထိအတွေ့ရှိလာလျှင် ရေသန့်ဖြင့် သူတို့အား စေ့စေ့စပ်စပ် ဆေးကြောပေးပြီး သူတို့အား ခြောက်သွေ့အောင်လုပ်ပေးပါ၊ မှော်ပင် အကျွင်းအကျန်များအား လက်သပ်မွေးခြင်းနှင့် မျိုချခြင်းတို့မှ တားဆီးရန် ဖြစ်ပါသည်။ အကယ်၍ သင် စိုးရိမ်ပူပန်လျှင် တိရစ္ဆာန်ဆရာဝန် အကြံဉာဏ်ကို ရယူပါ။

## စိမ်း-ပြာရောင် ရေမှော်ပင်ဖြင့် ညစ်ညမ်းနေသည့် ရေမှ ဖမ်းယူရရှိသည့် ငါးကို ကျွန်ုပ် စားသုံးနိုင်ပါသလား။

သင်သည် ရေမှော်ပင်ဖြင့် ညစ်ညမ်းနေသည့်နေရာများမှ မည်သည့် ယောက်သွားများ၊ ပုစွန်တုပ်များ သို့မဟုတ် ကျောက်ပုစွန်ကိုမျှ မစားသုံးသင့်ပါ။ ဖမ်းယူရရှိသည့် မည်သည့်ငါးကိုမဆို ရေသန့်တွင် ဆေးကြောသင့်သည်၊ ပါးဟက်ထုတ်၊ အူထုတ်ရမည့်အပြင် မည်သည့် ကိုယ်တွင်းအင်္ဂါများကို မဆို စွန့်ပစ်ရမည် မစားသုံးရပါ။ ဤငါးကလီစာများကို တိရစ္ဆာန်များအား မကျွေးရန် သို့မဟုတ် စားသုံးခွင့် မပြုရန် ဂရုစိုက်သင့်သည်။

ဖူးပွင့်များ သေဆုံးပြီး စတင် ကြွေသည့်အခါ၊ ၎င်းတို့သည် ရေရှိ အောက်စီဂျင်ဓါတ်ကို မှီဝဲနိုင်သည်။ အကယ်၍ ရေရှိအောက်စီဂျင်ဓါတ်မှာ အလွန် နည်းလာလျှင် ငါးသည် အသက်ရှူကျပ်နိုင်သည်။ သေဆုံးသွားသော၊ သေနေဆဲ သို့မဟုတ် မှုမမှန်စွာ ရေကူးနေသည့် ငါးကို မကိုင်တွယ်သင့်ပါ သို့မဟုတ် မစားသုံးသင့်ပါ။ သင့်အနေဖြင့် ငါးသေဆုံးသည့် ဖြစ်ရပ်ကို Environment Protection Authority သို့ ဖုန်း 1300 EPA VIC (1300 372 842) ဖြင့် သတင်းပို့နိုင်သည်။

## ကျွန်ုပ်၏ လူမှုအသိုင်းအဝိုင်း သောက်သုံးရေ ဖြန့်ချိမှုကို သောက်သုံးရန် ဘေးကင်းလုံခြုံပါသလား။

ရေဖြန့်ချိသူများသည် မြို့တော် သောက်သုံးရေ ဖြန့်ချိရေးတွင် စိမ်း-ပြာရောင် ရေမှော်ပင် အဆိပ်အတောက်များမှ အန္တရာယ်ကို စီမံခန့်ခွဲရန် ရေသန့်စင်သည့် စနစ်များကို အသုံးပြုပါသည်။ အကယ်၍ သင့်တွင် သင့် ရေပိုက်ကြီးမှ သောက်သုံးရေ ဖြန့်ချိရေး အရည်အသွေးနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများ တစ်ခုခု ရှိလျှင် သင့် ဒေသတွင်း ရေ အာဏာပိုင်ကို ဆက်သွယ်ပါ။

## ကျွန်ုပ်သည် စိမ်း-ပြာရောင် ရေမှော်ပင်ဖြင့် ညစ်ညမ်းနေသည့် ရေကာတာ သို့မဟုတ် စမ်းချောင်းမှ သန့်စင်မထားသော ရေကို လက်ခံရရှိသည် သို့မဟုတ် ယူငင်သည်၊ ကျွန်ုပ် ဘာလုပ်သင့်ပါသလဲ။

ဖူးပွင့်များ ပျောက်ကွယ်သွားသည့်တိုင်အောင် ရေကိုသုံးစွဲခြင်းမှ ရှောင်ကြဉ်ပါ။

ရေမျက်နှာပြင်ပေါ်၌ ဖူးပွင့်ကို သင် မြင်သည်ဖြစ်စေ သို့မဟုတ် မမြင်သည်ဖြစ်စေ သန့်စင်မထားသော ရေကို မသောက်ပါနှင့်။ ရေမှော်ပင် အဖူးအပွင့်များမှ ဖြစ်နိုင်သော ကျန်းမာရေး အန္တရာယ်များ ရှိနိုင်သကဲ့သို့ပင် သန့်စင်မထားသော ရေသည် အခြား နာမကျန်းမှုများကို ဖြစ်ပွားစေနိုင်သည်။ သန့်စင်မထားသောရေကို အိမ်တွင်းသုံးရန်ကိစ္စများအတွက် မသုံးပါနှင့်၊ အစားအစာကို ပြင်ဆင်ခြင်း၊ ရေပန်းရေချိုးခြင်းနှင့် သွားတိုက်ခြင်း ကဲ့သို့ကိစ္စများ အတွက်ဖြစ်သည်။ **ဆူပွက်အောင်လုပ်ထားသည့် မှော်ပင်ဖြင့် ညစ်ညမ်းနေသည့်ရေသည် ဘေးကင်းလုံခြုံလိမ့်မည် မဟုတ်ပါ။**

ညစ်ညမ်းနေသည့်ရေကို ရေသွယ်ရန်အတွက် သို့မဟုတ် ကျွဲနွားတရိစ္ဆာန်အတွက် မသုံးပါနှင့်။ ထပ်ဆင့် အချက်အလက်များကို လယ်ယာစိုက်ပျိုးရေး ဗစ်တိုးရီးယား [Agriculture Victoria] ဝက်ဘ်ဆိုက် http://agriculture.vic.gov.au/agriculture/farm-management/soil-and-water/irrigation/blue-green-algae-and-irrigation-water တွင် တွေ့ရှိနိုင်ပါသည်။

သင့် ပုဂ္ဂလိက သောက်သုံးရေ ဖြန့်ချိရေးနှင့်ပတ်သက်သည့် ထပ်ဆင့် အချက်အလက်များအတွက် Department of Health & Human Services ဝက်ဘ်ဆိုက် https://www2.health.vic.gov.au/public-health/water/private-drinking-water-supplies ကိုရည်ညွှန်းပါ။

## စိမ်း-ပြာရောင် ရေမှော်ပင်ဖြင့် ညစ်ညမ်းနေသည့်ရေကို ကျွန်ုပ်၏ ပန်းခြံတွင် ကျွန်ုပ် ရေလောင်းနိုင်ပါသလား။

သင့် မြက်ခင်းနှင့် ပန်းခြံအောက်ခင်းများထံသို့ ရေသွယ်ပေးရန် ညစ်ညမ်းသည့်ရေကို အသုံးပြုခြင်းမှ ရှောင်ကြဉ်ပါ။ ၎င်းသည် ပန်းပင်များ၏ ကြီးထွားမှုကို ထိခိုက်ကောင်း ထိခိုက်နိုင်သည့်အပြင် စိုစွပ်သောမျက်နှာပြင်နှင့် အထိအတွေ့ရှိလာကောင်း ရှိလာနိုင်သည့် ကလေးများ၊ အိမ်မွေးတိရစ္ဆာန်များနှင့် တိရစ္ဆာန်များကို အန္တရာယ် ဖြစ်စေကောင်း ဖြစ်စေနိုင်သည်။ ရေသွယ်မြောင်းသည်လည်း အသက်ရှူသွင်းနိုင်သည့် ရေအခိုးအငွေ့ကို ထုတ်ပေးကောင်း ထုတ်ပေးနိုင်သည်။ အကယ်၍ ရေရရာလမ်း ဘာမျှမရှိလျှင် ညနေခင်း၌ သမရိုးကျအားဖြင့် လေ ငြိမ်သက်နေသည့်အခါ သင့်တော်သော ကိရိယာနှင့်ရေကို သုံး၍ ရေပန်းရေငွေ့ကို အနည်းဆုံးအနေအထားဖြင့် သုံးပါ။

## အဖုအပွင့်သည် မည်မျှ ကြာရှည်မည်နည်း။

ဖူးပွင့် တည်ရှိနေမည့် အချိန်အတိုင်းအတာ အတိအကျ မရှိပါ။ သာယာသည့်အခြေအနေများဖြစ်သည့် နွေးထွေးသောရာသီဥတု၊ နေရောင်၊ လုံလောက်သော အာဟာရ အဆင့်များနှင့် ရေစီးနှုန်းနိမ့်ကျမှု တို့တည်ရှိနေသည့်အခါ ဖူးပွင့်သည် အပတ်များနှင့် လများထိတိုင် ကြာရှည်နိုင်ပါသည်။ ပိုမိုအေးလာမှု၊ လေတိုက်သည့်ရာသီဥတု သို့မဟုတ် တိုးများလာသည့်ရေစီးမှုတို့သည် ၎င်းတို့ကို လျော့နည်းစေနိုင်သည် သို့မဟုတ် အတော်အသင့် လျင်မြန်စွာ ပျောက်ကွယ်သွားစေနိုင်သည်။

ဖူးပွင့်များ ဖြစ်ပွားလာသည့်အခါ၊ ရေမှော်ပင်တည်ရှိမှု၏ အမျိုးအစား၊ အရေအတွက်နှင့် အတိုင်းအတာကို စောင့်ကြပ်ကြည့်ရန် စစ်ဆေးမှုများကို ပုံမှန် ဆောင်ရွက်ရပါသည်။ ရလဒ်အဖြေများကို သတိပေးချက်များနှင့် အကြောင်းကြားချက်များကို အကြောင်းကြားရန်နှင့် ထပ်ဆင့်ပြုပြင်မွမ်းမံရန် အသုံးပြုပါလိမ့်မည်။

## ရေမှော်ပင်ကြောင့် ကျန်းမာရေး ထိခိုက်မှုနှင့် ဆက်နွယ်သည့် ထပ်ဆင့် အချက်အလက်များ

Department of Health and Human Service's ရေအစီအစဉ်ကို ဖုန်း 1300 761 874 ဖြင့် ဆက်သွယ်ပါ။

အမှတ် 1 Treasury Place, Melbourne တွင်တည်ရှိသည့် ဗစ်တိုးရီးယားပြည်နယ်အစိုးရမှ ခွင့်ပြုပြီးထုတ်ဝေသည်။
© State of Victoria, Department of Health and Human Services June 2016

www2.health.vic.gov.au/public-health/water တွင်ရရှိနိုင်သည်။